# ၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်း ဝယ်ယူမှု စည်းမျဉ်းသတ်မှတ်ရေးဥပဒေ။

## [၁၉၆၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၄၅။]

## ၁၉၆၂ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၂ ခုနှစ်၊ ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်းဝယ်ယူမှု စည်းမျဉ်း သတ်မှတ်ရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတဝှမ်းလုံးနှင့် သက်ဆိုင်စေရမည်။

(၃) ဤဥပဒေသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရက အခါအားလျော်စွာ အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်ဒေသများတွင်၊ သတ်မှတ်သည့် နေ့ရက်များ၌ စတင် အာဏာတည် ရမည်။

၂။ တည်ဆဲအခြားတရားဥပဒေတခုခုတွင် မည်သို့ပင်ပါရှိစေကာမူ ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန် ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သူမဆို ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် နေ့ရက်မှစ၍ သီးခြားဖေါ်ပြသည့်ဒေသတွင် ကောက်ပဲသီးနှံလယ်ယာခြံထွက်ပစ္စည်း ဝယ်ယူရာ၌ ထိုအမိန့်ကြော်ငြာစာတွင် သီးခြားဖေါ်ပြသည့် အဆိုပါပစ္စည်းတခုခုနှင့် စပ်လျဉ်း၍ သီးခြားဖော်ပြသည့် အချိန်အတွယ် ကိရိယာ အလေး တင်း တောင်း အတိုင်းအတာကို အသုံးပြုရမည်ဟု ညွှန်ကြားနိုင်သည်။

၃။ ။ မည်သူမဆို အစိုးရပြဋ္ဌာန်းထားသော သီးနှံအမျိုးအစားအလိုက် ကောက်ပဲသီးနှံ လယ်ယာခြံထွက် ပစ္စည်းများ ဝယ်ယူရာတွင်-

(၁) မမှန်ကန်သော အလေးချိန်ဖြင့် ဝယ်ယူလျှင်သော်၎င်း၊ သို့တည်းမဟုတ် မမှန်ကန်သော တင်း တောင်း အတိုင်းအတာနှင့် ဝယ်ယူလျှင်သော်၎င်း၊

(၂) မမှန်ကန်သော အချိန်အတွယ် ကိရိယာကိုသော်၎င်း၊ မမှန်ကန်သော တင်း တောင်း အတိုင်းအတာကို အသုံးပြုလျှင်သော်၎င်း၊

(၃) အစိုးရကပြဋ္ဌာန်းထားသည့်အတိုင်း၊ အလေးချိန်ဖြင့် ဝယ်ယူရမည့်ပစ္စည်းကို အလေးချိန်ဖြင့် ဝယ်ယူခြင်း မပြုလျှင်သော်၎င်း၊ သို့တည်းမဟုတ် တင်း တောင်း အတိုင်းအတာဖြင့်ဝယ်ယူရမည့် ပစ္စည်းကို တင်း တောင်း အတိုင်း အတာနှင့် ဝယ်ယူခြင်းမပြုလျှင်သော်၎င်း၊ ၃ နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်ငွေ အနည်းဆုံး ၃,၀၀၀/- ဖြစ်စေ၊ သို့တည်းမဟုတ် ထောင်ဒဏ်၊ ငွေဒဏ်နှစ်ရပ် စလုံးဖြစ်စေ စီရင်ခြင်းခံရမည်။

၄။ ။ ဤဥပဒေအရဖြစ်သော ပြစ်မှုတခုခုကိုသက်ဆိုင်ရာ ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မီတီ၏ ကြိုတင်ခွင့်ပြုချက် မရဘဲ၊ မည်သည့်တရားရုံးကမျှ အရေးမယူရ။ ထို့ပြင် ပဋ္ဌမတန်းအာဏာရ ရာဇဝတ် တရားသူကြီး အောက်အဆင့်အတန်းနိမ့်သော မည်သည့် ရာဇဝတ်တရားသူကြီးကမျှ ထိုပြစ်မှုမျိုးကို မစစ်ဆေးရ။

Myanmar Law Information System (MLIS)

၅။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် မည်သူ့ကိုမဆို၊ သို့တည်းမဟုတ် မည်သည့်လုပ်ငန်းကိုမဆို၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အားလုံး၊ သို့တည်းမဟုတ် တခုခုနှင့်သက်ဆိုင်ခြင်းမှ ခြွင်းချက်များ ဖြင့်ဖြစ်စေ၊ ခြွင်းချက်မပါဘဲဖြစ်စေ၊ ကင်းလွတ်ခွင့်ပေး နိုင်သည်။

၆။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရသည်၊ အမိန့်ကြော်ငြာစာဖြင့် ၊ ဤဥပဒေပါကိစ္စများ အထမြောက်အောင် ဆောင်ရွက်ရန်အလို့ငှါ၊ နည်းဥပဒေများ ပြုနိုင်သည်။

----- **Footnote** -----

[ပင်ရင်း- တော်လှန်ရေးကောင်စီခေတ် ဥပဒေများအတွဲ(၁) မှ ကူးယူတင်ပြသည်။]

Myanmar Law Information System (MLIS)